# Five Films For Freedom 2025
# ရုပ်ရှင်ဖန်တီးသူအကြောင်းနှင့် ဇာတ်လမ်းအကျဉ်းချုပ်

## DRAGFOX

**Lisa Ott၊ 8 မိနစ်၊ ယူကေ**

လိင်ဝိသေသခံယူမှုနဲ့ ပတ်သတ်ပြီး အခက်အခဲတွေနေတဲ့ ၁၁ နှစ်သား Sam ဟာ အထီးကျန် စိတ်ရှုပ်ထွေးမှုတွေကို ခံစားနေရပြီး သူ့ခံစားချက်ကို ထုတ်ဖော်မပြတတ် ဖြစ်နေတယ်။ တစ်ညမှာ သူ့အခန်း ပြတင်းပေါက်ကနေ အစအနောက်သန်တဲ့ မြေခွေးတစ်ကောင် (Ian McKellen က ပြောင်မြောက်စွာ အသံသရုပ်ဆောင်ထားတဲ့) ခုန်ဝင်လာပြီး Sam ကို အဆိုအကတွေ ထုံမွှမ်းတဲ့ ကိုယ့်ကိုယ်ကို ရှာဖွေတွေ့ရှိမှုနဲ့ ကျေနပ်လက်ခံမှု ခရီးစဉ်တစ်ခုဆီကို ခေါ်ဆောင်မသွားခင်အထိပေါ့။

## ဒါရိုက်တာရဲ့အတ္ထုပ္ပတ္တိ

Lisa Ott ဟာ လန်ဒန်အခြေစိုက် ဆွစ်လူမျိုး အန်နီမေးရှင်းဒါရိုက်တာပါ။ လွန်ခဲ့တဲ့ကိုးနှစ်တုန်းက ရုပ်ရှင်နယ်ပယ်မှာ အလုပ်လုပ်ဖို့ ယူကေကို ပြောင်းလာပြီးတော့ Stop-motion နည်းပညာကို စွဲလမ်းသွားခဲ့ရသူပေါ့။
Lisa က Model Making ပညာကို လေ့လာပြီးတော့ Mackinnon & Saunders ရဲ့ဇာတ်ကောင်ပုံဆွဲအဖွဲ့ကိုဝင်ပြီး တခြားသူတွေရဲ့ဇာတ်လမ်းတွေကို အသက်ဝင်စေမယ့် ဇာတ်ကောင်ပုံစံတွေကို ဖန်တီးပေးခဲ့ပါတယ်။
အခုနောက်ဆုံး Lisa လုပ်ခဲ့တာတွေက Oscar နဲ့ BAFTA ဆုရ Guillermo del Toro ရဲ့Pinocchio နဲ့ Netflix ရဲ့ The House ပါ။  LGBTQIA+ ဇာတ်လမ်းတွေကို အန်နီမေးရှင်းနဲ့ ပိုပြီးဖန်တီးလာကြစေချင်လွန်းလို့ National Film and Television School မှာ Directing Animation သင်တန်းတက်ပြီး ဒါရိုက်တာလုပ်ငန်းထဲကို ခုန်ကျော်ဝင်လာခဲ့တဲ့သူပါပဲ။ အဲဒီမှာပဲ Lisa နဲ့ စိတ်တူကိုယ်တူ ဖန်တီးသူတွေနဲ့ ချိတ်ဆက်မိပြီးတော့ Dragfox ဆိုတဲ့ ပွဲဦးထွက် Stop-motion ဇာတ်လမ်းတိုလေးကို ရိုက်ကူးခဲ့တာပါပဲ။
Lisa ရဲ့လက်ရာတွေမှာ ကျေးလက်ဒေသက ရွာလေးတစ်ရွာမှာ လိင်တူစုံမက်သူတစ်ယောက်အဖြစ် ကြီးပျင်းလာခဲ့ရတဲ့ အတွေ့အကြုံတွေ၊ LGBTQIA+ အသိုင်းအဝိုင်းထဲမှာ မတူကွဲပြားမှုတွေကို ကြိုဆိုလက်ခံကြတာတွေကို ဖော်ကြူးတဲ့ အခင်းအကျင်းတွေကို အမြဲတမ်း ပါပါတယ်။

## IF I MAKE IT TO THE MORNING

**Andre Shen, 9 mins, USA**

**Andre Shen၊ ၉ မိနစ်၊ ယူအက်စ်အေ**

တရုတ်လူမျိုး ဆယ်ကျော်သက် Ziyi ဟာ အရမ်းချုပ်ချယ်တဲ့ သူ့အမေနဲ့အတူ နိုင်ငံအနှံ့က ကောလိပ်ကျောင်းတွေကို လေ့လာရေးခရီးရဲ့ နောက်ဆုံးညကို နယူးယောက်က သူ့ရဲ့ အန်တီ အလန်းလေးရဲ့ တိုက်ခန်းမှာ ဖြတ်သန်းနေတာပေါ့။ ဒါပေမယ့်လည်း Ziyi က ဒီနေရာဟာ နေဖို့ထိုင်ဖို့၊ ပညာသင်ယူဖို့ အကောင်းဆုံးနေရာပဲလို့ စပြီးတွေးမိလိုက်တဲ့အခါမှာတော့ မထင်မှတ်ထားတဲ့ အကြောင်းအရာတွေ

ရုတ်တရက်ပေါ်လာပြီး သူတို့အကြားမှာ တင်းမာမှုတွေ ဖြစ်လာပါတော့တယ်။

## ဒါရိုက်တာရဲ့အတ္ထုပ္ပတ္တိ

Andre Shen 沈天扬 ဟာ အခု နယူးယောက်မှာ နေနေတဲ့ ရှန်ဟိုင်းဇာတိ စာရေးဆရာ၊ ဒါရိုက်တာနဲ့ ဂရပ်ဖစ်ဒီဇိုင်းနာတစ်ယောက်ပါ။ သူ့ရဲ့လက်ရာတွေကတော့ မိန်းမဆန်တာ၊ ပေါက်ပေါက်ရှာရှာလုပ်တာမျိုးလို မတူတဲ့ယဉ်ကျေးမှုတွေကြားက လိင်တူစုံမက်သူတစ်ယောက်ရဲ့အတွေ့အကြုံတွေမှာ အခြေခံပြီး လွမ်းမောစရာ အလှည့်အပြောင်းလေးတွေလည်း ပါပါတယ်။

Andre ရဲ့ *One Way Trip Like an Arrow* ဇာတ်လမ်းတိုဟာ ၂၀၂၄ ခုနှစ်မှာ နယူးယောက်က Iris Cantor ဇာတ်ရုံမှာ ကျင်းပတဲ့ NYU Symphony Orchestra မှာ တိုက်ရိုက်ဖျော်ဖြေတင်ဆက်ဖို့အတွက် ရွေးချယ်ခံခဲ့ရတဲ့ ဇာတ်လမ်းတိုတစ်ခုပါ။ သူ့ရဲ့နောက်ဆုံးထွက် ဇာတ်လမ်းတို 月亮总在照顾大地 ***If I Make it to the Morning*** ကို အီတလီနိုင်ငံ၊ မီလန်မြို့ရဲ့ MiX International Festival of LGBTQIA+ Cinema and Queer Culture (၂၀၂၄) မှာ ပထမဆုံးရုံတင်ပြသခဲ့ပါတယ်။ Peter Pan Donuts & Pastry Shop အတွက် သူရေးပေးတဲ့ အပိုင်း ၂ ပိုင်းပါတဲ့ စက္ကန့် ၁၂၀ စာ ကြော်ငြာ *Sunday Matinée* ကိုလည်း အခု အွန်လိုင်းမှာ ကြည့်လို့ရပါပြီ။
၂၀၂၁ မှာ နယူးယောက်ကို မပြောင်းခင် Andre က Shanghai Jiao Tong တက္ကသိုလ်ကနေ ဂရပ်ဖစ်ဒီဇိုင်းပညာ ဝိဇ္ဇာဘွဲ့ရခဲ့ပြီးတော့ Condé Nast၊ FINE & Fiu Gallery လို ကုမ္ပဏီတွေမှာ ဂရပ်ဖစ်ဒီဇိုင်းနာအဖြစ် အလုပ်လုပ်ခဲ့ပါတယ်။ အခု Andre က NYU Tisch School of the Arts မှာ သူ့ရဲ့Graduate Film ဘွဲ့အတွက် နောက်ဆုံးနှစ်ကို တက်နေပါတယ်။ သူက W.T.C Johnson Scholarship နဲ့ C.V. Starr Fund for Asian/Pacific/American Institute Research တွေ ရရှိထားသူပါ။

## NGGGAK!!!

**Oktania Hamdani နဲ့ Winner Wijaya၊ ၈ မိနစ်၊ အင်ဒိုနီးရှား**

ချစ်ကျွမ်းဝင်နေကြတဲ့ Sekar နဲ့ Bebi ဆိုတဲ့ ကောင်မလေးနှစ်ယောက် ရယ်လိုက်မောလိုက်၊ စကားပြောလိုက်၊ meme တွေပို့လိုက်နဲ့ အွန်လိုင်းဂိမ်းတစ်ခုအတူတူဆော့နေကြတယ်။ ဒါပေမယ့် သူတို့နှစ်ယောက်ရဲ့ရိုးရှင်းတဲ့ ပျော်ရွှင်မှုလေးဟာ Sekar ရဲ့အမေက သူ့ကို အိမ်ထောင်ချပေးစားတော့မယ့်အကြောင်း ဖုန်းဆက်ပြောလိုက်ချိန်မှာ ကွဲကြေပျက်သွားတယ်။ တစ်ဦးတည်းသော ချစ်ရသူကို တွေ့ထားပြီဆိုတာကို Sekar က သူ့အမေနားဝင်အောင် ပြောပြနိုင်ပါ့မလား။

## ဒါရိုက်တာရဲ့အတ္ထုပ္ပတ္တိ

**Oktania Hamdani**

Oktania Hamdani က ရုပ်ရှင်ဝေဖန်ရေးနဲ့ သတင်းထောက်တစ်ယောက်ဖြစ်ပြီး X ပေါ်မှာ အင်ဒိုနီးရှားနိုင်ငံရဲ့ အကြီးဆုံးမီဒီယာပလက်ဖောင်းတစ်ခုဖြစ်တဲ့ 'WatchmenID' ရဲ့တည်ထောင်သူပါ။ နိုင်ငံတဝှမ်းက ရုပ်ရှင်သတင်းတွေနဲ့ ပွဲလမ်းသဘင်တွေအကြောင်း တက်တက်ကြွကြွ တင်ဆက်နေတဲ့

အမျိုးသမီးတစ်ယောက်ပါ။

အရှေ့တောင်အာရှဒေသရဲ့ ကျားမအခြေပြုအကြမ်းဖက်မှုနဲ့ လိင်တူစုံမက်သူအခွင့်အရေးဆိုင်ရာ ပြဿနာတွေအပေါ် စိတ်ဝင်စားမှုပြင်းပြတဲ့ Oktania ရဲ့ ပွဲဦးထွက်လက်ရာ *NGGAK!!!* ဟာ သူ့ကိုယ်ပိုင်ဇာတ်လမ်းအပေါ်မှာ အခြေခံပြီး သူ့ရဲ့ တစ်ကိုယ်ရည် စိုးရိမ်ပူပန်မှုတွေကို ရှာဖွေဖော်ထုတ်ရာမှာ နက်နဲတဲ့ အရေးပါမှုတွေ ရှိနေပါတယ်။ ဒီဇာတ်လမ်းတိုက သူ့ရဲ့ ဒါရိုက်တာတစ်ယောက်၊ ဇာတ်ညွှန်းရေးဆရာနဲ့ ပရိုဂျူဆာတစ်ယောက်အဖြစ် ပထမဆုံးအတွေ့အကြုံလည်း ဖြစ်ပါတယ်။ အခု သူဟာ အရှေ့တောင်အာရှဒေသရဲ့ လိင်တူစုံမက်သူအမျိုးသမီးတွေရဲ့ ဘဝကို အသားပေးထားတဲ့ မှတ်တမ်းရုပ်ရှင်တစ်ပုဒ်ကို ရိုက်ကူးနေပါတယ်။

**Winner Wijaya**

အင်ဒိုနီးရှားနိုင်ငံရဲ့ ရုပ်ရှင်ဖန်တီးသူ Winner Wijaya က ရုပ်ရှင်ကို ငယ်ငယ်ကတည်းက နှစ်သက်မြတ်နိုးခဲ့သူပါ။ သူ့ရဲ့ မူလတန်းပြဆရာမကို အားကျပြီး Winner က ကလေးဘဝရဲ့ ကျောင်းပိတ်ရက်တွေမှာ MiniDV ဗီဒီယိုကင်မရာ တစ်လုံးနဲ့ ဗီဒီယိုဇာတ်လမ်းတွေ ရိုက်ခဲ့တဲ့သူပါ။ နှစ်အတော်ကြာပြီးတဲ့နောက်မှာတော့ သူရဲ့ မှတ်တမ်းရုပ်ရှင် ဇာတ်လမ်းတို *Ojek Lusi* က Festival Film Dokumenter ၂၀၁၇ မှာ  Best Short Documentary Award ရရှိခဲ့ပါတယ်။ ၂၀၂၀ ခုနှစ်မှာ *Hey Guys Balik Lagi Sama Gue, Tuhan!* ရုပ်ရှင်နဲ့ Minikino Best Begadang Filmmaking Competition မှာ ဆုရပြီးတော့ Festival Film Indonesia ၂၀၂၀ မှာ Best Short Fiction Film ဆုအတွက် အရွေးချယ်ခံစာရင်းမှာ ပါခဲ့ပါတယ်။ အခု Winner က သူ့ရဲ့ ပထမဆုံး မှတ်တမ်းရုပ်ရှင် ဇာတ်လမ်းတိုကို တည်းဖြတ်နေပါတယ်။

## WE’LL GO DOWN IN HISTORY

**Cameron Richards၊ Charlie Tidmas၊ ၂၅ မိနစ်၊ ယူကေ**

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှာ တည်ထောင်ခဲ့တဲ့ TRUK United ဆိုတဲ့ လိင်စိတ်ခံယူမှုကွဲပြားသူတွေရဲ့ ရပ်ရွာအခြေပြု ဘောလုံးအသင်းအကြောင်း ဇာတ်လမ်းဖြစ်ပါတယ်။ နှစ်နှစ်ကျော်ကြာ ရိုက်ကူးထားတဲ့ ရင်ထဲလှိုက်အောင်ခံစားရစေမယ့် ဒီမှတ်တမ်းရုပ်ရှင်ဟာ လိင်စိတ်ခံယူမှုကွဲပြားသူတွေကို ကြောက်ရွံ့မှုတွေ တိုးမြင့်လာနေချိန်မှာ ရပ်ရွာအတွင်းမှာ ဘေးကင်းတဲ့ခိုလှုံရာလေးတစ်ခု ဖန်တီးဖို့ ယူကေက ရှေ့ဆောင်ဘောလုံးအသင်းလေးရဲ့ ကွင်းတွင်းမှာရော၊ ကွင်းပြင်ပမှာပါ ကြိုးစားရုန်းကန်မှုတွေရဲ့ အနိမ့်အမြင့် အတက်အကျတွေကို ထည့်သွင်းရိုက်ကူးထားတာပါ။

### ဒါရိုက်တာရဲ့ အတ္ထုပ္ပတ္တိ

**Charlie Tidmas**
Charlie က Intersectional Masculinity နဲ့ ပတ်သတ်တဲ့ ဖန်တီးမှုတွေလုပ်နေတဲ့ စာရေးဆရာ၊ ဒါရိုက်တာတစ်ယောက်ပါ။ သူက BFI NETWORK နဲ့တွဲပြီး ဇာတ်လမ်းရှည်တစ်ခုကိုလည်း အစပျိုးထားပြီးတော့ အခု ပူးတွဲရိုက်ကူးထားတဲ့ Doc Society ဇာတ်လမ်းတိုတစ်ခုကိုလည်း ထုတ်လုပ်ရေးလုပ်နေပါတယ်။ Charlie ဟာ ၂၀၂၄ ခုနှစ်အတွက် BFI Flare x BAFTA Mantee တစ်ယောက်အဖြစ် ရွေးချယ်ခံထားရပြီးတော့ BAFTA Connect အဖွဲ့ဝင်တစ်ယောက်လည်း ဖြစ်ပါတယ်။ BFI NETWORK နဲ့ Channel 4 ရဲ့ Random Acts ကနေ ဇာတ်လမ်းတိုရိုက်ကူးရေးအတွက် ငွေကြေးအကူအညီတွေ ရရှိထားသူ ဖြစ်ပါတယ်။ သူ့ရဲ့အရင်က ဖန်တီးမှုတွေဟာ Academy Nicholl Fellowship မှာ နေရာတစ်ခုရရှိထားပြီးတော့ Short of the Week မှာလည်း ပြသခဲ့ရပါတယ်။ စာရေးဆရာ၊ ဒါရိုက်တာအဖြစ်သာမကပဲ BBC နဲ့ BFI အတွက် ဇာတ်ညွှန်းအယ်ဒီတာ၊ ဇာတ်ညွှန်းဖတ်သူအနေနဲ့ အလုပ်လုပ်နေသူလည်း ဖြစ်ပါတယ်။

**Cameron Richards**
CocaCola နဲ့ Pret Foundation အပါအဝင် ဖန်တီးမှုနယ်ပယ်နဲ့ လုပ်ငန်းနယ်ပယ်က ကလိုင်းရန့်တွေအတွက် ဖန်တီးမှုပေါင်းများစွာလုပ်ပေးခဲ့တဲ့ ဒါရိုက်တာနဲ့ ပရိုဂျူဆာတစ်ယောက် ဖြစ်ပါတယ်။ Cameron ရဲ့ ဇာတ်လမ်းတိုတွေဟာ ကမ္ဘာအနှံ့က Oscar/BAFTA အရည်အချင်းစစ် ရုပ်ရှင်ပွဲတော်တွေမှာ ပြသခဲ့ရပြီးတော့ ၂၀၂၀ ခုနှစ်မှာ Anna Friel နဲ့ Russell Tovey သရုပ်ဆောင်ထားပြီး ကမ္ဘာအနှံ့က ရုပ်ရှင်ပွဲတော်အသိုင်းအဝိုင်းတွေမှာ ချီးကျူးအားပေးမှုတွေ ရရှိခဲ့တဲ့ *The Sea* ရုပ်ရှင်ဇာတ်လမ်းတိုကို Alzheimer’s Research ယူကေနဲ့ တွဲပြီး ဖြန့်ချိခဲ့ပါတယ်။ Cameron ဟာ National Film & TV School က ဘွဲ့ရခဲ့တဲ့ အတွေ့အကြုံရှိ ဇာတ်ညွှန်းဖန်တီးသူတစ်ယောက်လည်းဖြစ်ပါတယ်။

## WAIT, WAIT, NOW!

**Ramon Te Wake၊ ၁၂ မိနစ်၊ ၄၈၊ နယူးဇီလန်**

Alex နဲ့ Sam တို့ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက် ညဖက်အိမ်မှာ နှစ်ယောက်တည်းရှိနေတဲ့အခါ ဆယ်ကျော်သက်ကောင်လေးတွေ လုပ်နေကျအတိုင်း အမေ့ရဲ့ ဗီရိုကို မွှေနှောက်၊ အဝတ်အစားတွေ ဝတ်ကြည့်ပြီး သူတို့အတွက် လုံခြုံပြီး ကြိုဆိုနွေးထွေးတဲ့ စိတ်ကူးယဉ်ကမ္ဘာလေးတစ်ခုကို ဖန်တီးကြပါတော့တယ်။ တချို့တချို့သော ကောင်လေးတွေ လုပ်တတ်တဲ့အရာလေးတွေပေါ့။ ဒါပေမယ့် သူတို့မသိတာက သူတို့မိဘတွေက သူတို့အကြောင်းသိနေကြတာကိုပါပဲ။ သူတို့အတွက် လုံခြုံရာ လေပူဖောင်းလေး ပေါက်ကွဲသွားလေတော့မလား။

### ဒါရိုက်တာရဲ့အတ္ထုပ္ပတ္တိ

Ramon Te Wake ဟာ ရုပ်ရှင်နဲ့ ဇာတ်လမ်းတင်ဆက်မှုရဲ့ မောင်းနှင်အားတစ်ခုဖြစ်ပြီး ကိုယ်ပိုင်လက္ခဏာ၊ ယဉ်ကျေးမှုနဲ့ လိင်တူစုံမက်မှုတွေမှာ အခြေခံတဲ့ ဆန်းပြားတဲ့ဇာတ်လမ်းဇာတ်ကွက်တွေကို ဖော်ထုတ်တဲ့နေရာမှာ

ရဲရဲဝံ့ဝံ့၊ နောင်တမရစတမ်းလုပ်ရပ်တွေကြောင့် လူသိများသူပါ။ လိင်တူစုံမက်သူ Māori ဖန်တီးသူအမျိုးသမီး Ramon ဟာ သူရဲ့လက်ရာတွေမှာ ကိုယ်ရေးကိုယ်တာဆန်ပြီး စစ်မှန်ဆန်းသစ်တဲ့ အမြင်တွေကို တင်ပြပြီးတော့ ရုပ်ရှင်နယ်ပယ်မှာ တမူထူးခြားသူတစ်ယောက်ဖြစ်နေသူပါ။ ယဉ်ကျေးမှုဆိုင်ရာအမြင်တွေကို ထိပ်တန်းဖန်တီးနိုင်စွမ်းတွေနဲ့ အကြားအလပ်မရှိပေါင်းစပ်ထားနိုင်တဲ့ အရည်အချင်းတွေကြောင့် အမျှော်အမြင်ကြီးတဲ့ ဒါရိုက်တာတစ်ယောက်အဖြစ် နာမည်ကောင်းရနေသူတစ်ယောက် ဖြစ်ပါတယ်။ Ramon ရဲ့ လက်ရာတွေဖြစ်တဲ့ *Wait, Wait, Now!* လို စောင့်မျှော်ရကျိုးနပ်တဲ့ ဇာတ်လမ်းတိုတွေဟာ ပြင်းပြတဲ့ အနုပညာခံစားမှုကို မလျော့စေပဲ အရေးကြီးတဲ့ ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းနိုင်တဲ့ အရည်အချင်းတွေကို ပြနေပါတယ်။ ထုံးတမ်းအစဉ်အလာတွေကို မကြောက်မရွံ့ စိန်ခေါ် ရဲပြီး စည်းဘောင်အကန့်အသတ်တွေကို တွန်းချဲ့ရဲသူဖြစ်တဲ့ သူ့ရဲ့လက်ရာတွေဟာ သူ့ကိုယ်ပိုင်ဖြတ်သန်းမှုကိုသာမက အမေ့လျော့ခံအသံတွေကို ထင်ဟပ်တဲ့ ပလက်ဖောင်းတစ်ခုလည်း ဖြစ်ပါတယ်။

ပရောဂျက်တွေတိုင်းမှာ Ramon ဟာ ဒေသခံတွေအကြောင်း ဇာတ်လမ်းတင်ဆက်မှု၊ လိင်တူစုံမက်သူတွေအကြောင်း ဇာတ်လမ်းတင်ဆက်မှုတွေရဲ့အနာဂတ်တွေကို ဆက်လက်ပုံဖော်နေပြီး ရုပ်ရှင်နဲ့ မီဒီယာနယ်ပယ်မှာ အမြင်သစ်တွေအတွက် လမ်းခင်းနေသူပဲ ဖြစ်ပါတယ်။